# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၆၇ / ၂၀၂၃

## ၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

## ( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ လ၊ ၂၈ ရက်)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေပုဒ်မ ၈၆ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကိုဆိုသည်။

(ခ) **လျှောက်ထားသူ** ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် မည်သည့်လျှောက်ထားချက်တွင်မဆို လျှောက်ထားသူနေရာတွင် အမည်ထည့်သွင်း ရေးသားဖော်ပြထားသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်။

(ဂ) **အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းအမျိုးအစားခွဲခြားခြင်း** ဆိုသည်မှာ စက်မှုဒီဇိုင်းများမှတ်ပုံတင်ခြင်းအတွက် အမျိုးအစားခွဲခြားရာတွင် အသုံးပြုနိုင်ရန် လိုကာနိုသဘောတူညီချက် (၁၉၆၈) အရ ရေးဆွဲထုတ်ပြန်ထားသော နောက်ဆုံး ပြင်ဆင် ပြောင်းလဲထားသည့် အမျိုးအစားခွဲခြားခြင်းကိုဆိုသည်။

(ဃ) **ကန့်ကွက်သူ** ဆိုသည်မှာ ဥပဒေပုဒ်မ ၃၁ အရ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာတင်သွင်းသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်။

(င) **ကိုယ်စားလှယ်** ဆိုသည်မှာ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူ တစ်ဦးဦး၏ ကိုယ်စားဆောင်ရွက်ရန် (သို့မဟုတ်) အေဂျင်စီထံ အယူခံကိစ္စရပ်များနှင့်သက်ဆိုင်သူ၏ ကိုယ်စားဆောင်ရွက်ရန် ခန့်အပ်ထားသည့် ကိုယ်စားလှယ်ကို ဆိုသည်။

(စ) **အခကြေးငွေ** ဆိုသည်မှာ အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် အခကြေးငွေကိုဆိုသည်။

(ဆ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ လျှောက်ထားသည့် စက်မှုဒီဇိုင်းနှင့်စပ်လျဉ်း၍ စစ်ဆေးရေး အရာရှိက စစ်ဆေးပြီးနောက် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြမှုအပေါ် မှတ်ပုံတင်အရာရှိက စိစစ်၍ မှတ်ပုံတင်ခြင်းကိုဆိုသည်။

(ဇ) **မှတ်ပုံတင်စာရင်း** ဆိုသည်မှာ ဦးစီးဌာနက စက်မှုဒီဇိုင်းမှတ်ပုံတင် ခွင့်ပြုခြင်း၊ ငြင်းပယ် ခြင်းအပါအဝင် ယင်းစက်မှုဒီဇိုင်းနှင့် သက်ဆိုင်သော အချက်အလက်များကို အီလက် ထရောနစ် နည်းလမ်းအပါအဝင် နည်းလမ်းတစ်မျိုးမျိုးဖြင့် မှတ်တမ်းတင်သည့် စာရင်းကို ဆိုသည်။

(ဈ) **စက်မှုဒီဇိုင်းဖော်ပြချက်** ဆိုသည်မှာ ထုတ်ကုန်၏ဒီဇိုင်း သို့မဟုတ် ထုတ်ကုန်တွင် အသုံးပြုထားသော ဒီဇိုင်း၏ ရေးဆွဲချက် သို့မဟုတ် ဓာတ်ပုံ သို့မဟုတ် ဂရပ်ဖစ်ပုံစံဖြင့် ဖော်ပြခြင်းကိုဆိုသည်။

(ည) **လျှောက်လွှာပုံစံ** ဆိုသည်မှာ ဥပဒေအရ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို ဆိုသည်။

## အခန်း (၂)

## မှတ်ပုံတင်လျှောက်ထားခြင်း

၃။ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားသူသည် လျှောက်ထားချက်ကို လျှောက်လွှာပုံစံ ID – 1 တွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြပြီး အောက်ပါနည်းလမ်း တစ်ခုခုကို အသုံးပြု၍ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်–

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရောနစ်စနစ်ဖြင့် လျှောက်ထားခြင်း၊

(ခ) ဦးစီးဌာနသို့ လာရောက်လျှောက်ထားခြင်း၊

(ဂ) နိုင်ငံတော်က အသိအမှတ်ပြုထားသည့်စာပို့လုပ်ငန်းတစ်ခုခုက ပေးပို့လျှောက်ထားခြင်း။

၄။ လျှောက်ထားချက်တွင် အောက်ပါတို့ ဖော်ပြပါရှိရမည်-

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(ခ) လျှောက်ထားသူ၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၁) လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးချင်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါပုဂ္ဂိုလ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ် နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါအဖွဲ့အစည်း၏အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်း တည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(၂) လျှောက်ထားသူ တစ်ဦးထက်ပိုသော လျှောက်ထားချက်တွင် ဆက်သွယ်ဆောင်ရွက်ရမည့် လျှောက်ထားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ။

မှတ်ချက်။ ပူးတွဲလျှောက်ထားသူများ (ရှိလျှင်) ယင်းတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသား ဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ် နှင့် နေရပ်လိပ်စာ အပြည့်အစုံတို့ကို နောက်ဆက်တွဲအဖြစ် မူရင်းလျှောက်လွှာတွင် ပူးတွဲဖော်ပြရမည်။

(ဂ) လျှောက်ထားသူသည် မည်သည့် နိုင်ငံသားဖြစ်စေကာမူ နိုင်ငံသားခံယူထားသည့် နိုင်ငံအမည်၊ အမြဲတမ်းနေထိုင်သည့် နိုင်ငံအမည်နှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း တည်ထောင်ထားပါက ယင်းလုပ်ငန်းတည်ရှိရာ နိုင်ငံအမည်၊

(ဃ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID-2 ပူးတွဲ တင်ပြရမည်။

(င) လျှောက်ထားသူသည် ဖန်တီးသူမဟုတ်လျှင် ဖန်တီးသူ၏ အမည်၊ နိုင်ငံသား နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 1a ပူးတွဲတင်ပြရမည်။

(စ) အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းအမျိုးအစား ခွဲခြားခြင်းတွင် ဖော်ပြထားသည့် ဒီဇိုင်း ပါဝင်သည့် ထုတ်ကုန်အမျိုးအစား နှင့် အမျိုးအစားခွဲ သို့မဟုတ် အသုံးပြုမည့် ဒီဇိုင်း နှင့်ပတ်သက်သည့် ထုတ်ကုန်အမျိုးအစား နှင့် အမျိုးအစားခွဲ၊

(ဆ) ဤနည်းဥပဒေများ အခန်း (၃) အရ သတ်မှတ်ထားသော စက်မှုဒီဇိုင်းဖော်ပြချက်၊

(ဇ) အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းအမျိုးအစားခွဲခြားခြင်းတွင် ဖော်ပြထားသည့် ထုတ်ကုန်၏ အညွှန်း၊

မှတ်ချက်။ ထုတ်ကုန်၏ အညွှန်းကို စာဖြင့်ရေးသားဖော်ပြရမည်။

(ဈ) စက်မှုဒီဇိုင်းဖော်ပြချက်အကြောင်း ရှင်းလင်းရေးသားထားသည့် စကားလုံး ၁၀၀ ထက်မပိုသော သရုပ်ဖော်ရေးသားချက်၊

မှတ်ချက်။ သရုပ်ဖော်ရေးသားချက်တွင် စက်မှုဒီဇိုင်း၏အသစ်ဖြစ်မှုနှင့် စပ်လျဉ်းသည့် ဖော်ပြချက်များ သို့မဟုတ် စက်မှုဒီဇိုင်း၏ နည်းပညာဆိုင်ရာ လုပ်ဆောင်ချက် သို့မဟုတ် ၎င်း၏အသုံးဝင်မှုနှင့်စပ်လျဉ်းသော ရေးသားချက်များ မပါဝင်ရ။

(ည) စက်မှုဒီဇိုင်းအရေအတွက်၊

မှတ်ချက်။ လျှောက်ထားလိုသည့် ထုတ်ကုန်အားလုံးသည် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်း အမျိုးအစားခွဲခြားခြင်းအရ အမျိုးအစား တစ်ခုတည်းတွင် ပါဝင်ရမည်ဖြစ်ပြီး စက်မှုဒီဇိုင်း အရေအတွက်သည် ၁၀၀ ထက် မကျော်စေရ။

(ဋ) ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုလျှင် ရွှေ့ဆိုင်းလိုသည့်ကာလ၊

မှတ်ချက်။ ရွှေ့ဆိုင်းလိုသည့် ကာလသည် လျှောက်ထားချက် တင်သွင်းသည့်နေ့ သို့မဟုတ် ဦးစားပေး အခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့မှ ၁၈ လ ထက် မပိုစေရ။

(၄) မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်းအတွက် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား၊

(၃) လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏လက်မှတ်။

မှတ်ချက်။ လက်မှတ်ရေးထိုးရာတွင် ရေးထိုးသူ၏ အမည်အပြည့်အစုံနှင့် လက်မှတ်ရေးထိုးသည့်ရက်စွဲ ဖော်ပြပါရှိရမည်။ လျှောက်ထားသူ တစ်ဦးထက်ပိုသော လျှောက်ထားချက်ဖြစ်လျှင် လျှောက်ထားသူ အားလုံး၏ကိုယ်စား တစ်ဦးကသာ လက်မှတ်ရေးထိုး ဆောင်ရွက်ရန် ၎င်းတို့အကြား သဘောတူထားသည့် အထောက်အထားမိတ္တူမှန်ကို ပူးတွဲတင်ပြရမည်။

၅။ (က) ဥပဒေအရ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင်-

(၁) ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် စက်မှုဒီဇိုင်းမှတ်ပုံတင် စတင်လျှောက်ထားသည့် နေ့ရက်၊ လျှောက်ထားချက်နံပါတ်၊ နိုင်ငံအမည်နှင့်ရုံး၊ စက်မှုဒီဇိုင်းအမှတ်စဉ် တို့ကို ဖော်ပြရမည်။

(၂) လျှောက်ထားသူသည် လျှောက်ထားချက် တင်သွင်းသည့်နေ့ မှ သုံးလ အတွင်း ယခင် လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်၊ လျှောက်ထားချက်နံပါတ်၊ နိုင်ငံအမည် နှင့် ရုံးတို့ပါရှိသည့် လျှောက်ထားချက် မိတ္တူမှန်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ တင်ပြရမည်။

(၃) လျှောက်ထားသူသည် ယခင် လျှောက်ထားချက်တွင်ပါရှိသည့် လျှောက်ထားသူ မဟုတ်လျှင် ယခင် လျှောက်ထားသူက ဦးစားပေးအခွင့်အရေးကို လွှဲပြောင်းထားသည့် စာရွက်စာတမ်း အထောက်အထားများကို လျှောက်ထားချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ ပူးတွဲ တင်ပြရမည်။

(ခ) ဥပဒေအရ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုလျှင်-

(၁) ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ၌ စတင်ခင်းကျင်းပြသသည့် နေ့ရက်၊ နိုင်ငံ နှင့် ကုန်စည်ပြပွဲ၏ အမည်တို့ကို ဖော်ပြရမည်။

(၂) လျှောက်ထားသူသည် လျှောက်ထားချက် တင်သွင်းသည့်နေ့မှ သုံးလအတွင်း စက်မှုဒီဇိုင်းကို ကုန်စည်ပြပွဲတွင် အမှန်တကယ် ထုတ်ဖော်ပြသခဲ့ကြောင်း ကုန်စည်ပြပွဲဆိုင်ရာ အာဏာပိုင်များမှ ထုတ်ပေးသော အသိအမှတ်ပြု အထောက်အထားကို တင်ပြရမည်။ ယင်းအထောက်အထားသည် လျှောက်ထားချက်ပါ ထုတ်ကုန်အမျိုးအစား နှင့် ထုတ်ကုန်အညွှန်းတို့အတွက် အသုံးပြုသည့် စက်မှုဒီဇိုင်းဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထားဖြစ်ရမည်။

(၃) ကုန်စည်ပြပွဲ စတင်ပြသသည့်နေ့ရက်နှင့် ယင်းကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံးအများပြည်သူသို့ ခင်းကျင်းပြသသည့်နေ့ရက်သည် မတူညီလျှင် အဆိုပါနေ့ရက် အသီးသီးအတွက် အထောက်အထားများကို တင်ပြရမည်။

(၄) လျှောက်ထားသူသည် ကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံးအများပြည်သူသို့ ခင်းကျင်းပြသသူ မဟုတ်လျှင် ယင်းကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံး အများပြည်သူသို့ ခင်းကျင်း ပြသသူက လွှဲပြောင်းထားသည့် စာရွက်စာတမ်း အထောက်အထားများကို လျှောက်ထားချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ ပူးတွဲတင်ပြရမည်။

## အခန်း (၃)
## စက်မှုဒီဇိုင်းဖော်ပြချက်

၆။ လျှောက်ထားသူသည် စက်မှုဒီဇိုင်းဖော်ပြချက်များကို တင်ပြရာတွင်-

(က) ရေးဆွဲချက်ဖြင့်ဖြစ်စေ၊ ဓာတ်ပုံဖြင့်ဖြစ်စေ၊ ဂရပ်ဖစ်ဖြင့် ဖြစ်စေ ဖော်ပြရမည်။

(ခ) ရေးဆွဲချက် သို့မဟုတ် ဓာတ်ပုံ သို့မဟုတ် ဂရပ်ဖစ်ဖော်ပြချက်တို့ကို အဖြူ အမည်းဖြင့် ဖြစ်စေ၊ အရောင်ဖြင့်ဖြစ်စေ ဖော်ပြရမည်။

(ဂ) အလင်းပိတ်၍ ထွင်းဖောက် မမြင်နိုင်သော A4 စက္ကူ အဖြူရောင် (ကတ်ထူစက္ကူ မဖြစ်စေရ) ကို အသုံးပြုရမည်ဖြစ်ပြီး A4 စက္ကူ၏ မျက်နှာပြင် တစ်ဖက်တည်းတွင်သာ ဖော်ပြရမည်။ ရေးဆွဲချက် သို့မဟုတ် ဓာတ်ပုံ၏ အရွယ်အစားသည် ၁၆ စင်တီမီတာ x

၁၆ စင်တီမီတာ ထက် မကျော်လွန်စေရ။ A4 စက္ကူ ၏ ဘယ်ဘက်အစွန်းတွင် ၃ စင်တီမီတာ ချန်လှပ်၍ ဖော်ပြရမည်။

(ဃ) အီလက်ထရောနစ်နည်းဖြင့် ဖော်ပြချက်တွင် ဒစ်ဂျစ်တယ်ဓာတ်ပုံ (.JPG) ဖိုင် အမျိုးအစားဖြင့် ဖော်ပြရမည်ဖြစ်ပြီး နှစ်မက်ဂါဘိုက် (two megabytes) ထက်မပိုသော အရွယ်အစား ဖော်ပြချက်ဖြစ်ရမည်။ ဓာတ်ပုံအရည်အသွေး (resolution) သည် တစ်လက်မလျှင် ၃၀၀ x ၃၀၀ dots (300 x 300 per inch (dpi)) ရှိရမည်။

(င) စကားလုံးများ၊ စာသားများ သို့မဟုတ် ကိန်းဂဏန်းများသည် စက်မှုဒီဇိုင်း၏ အနှစ်သာရ နှင့် မသက်ဆိုင်ပါက ၎င်းတို့ကို ဖော်ပြချက်မှ ဖယ်ရှားပေးရမည်။ ၎င်းတို့သည် စက်မှုဒီဇိုင်း၏ အဓိကအစိတ်အပိုင်းဖြစ်ပါက တစ်ဦးတည်း အသုံးပြုမှုနှင့်စပ်လျဉ်းသည့် အခွင့်အရေးနှင့် သက်ဆိုင်မှုမရှိကြောင်း ဖော်ပြရမည်။

(စ) စက်မှုဒီဇိုင်းတစ်ခုစီကို အမှတ်စဉ် တစ်ခုစီ တပ်ပေးရမည်။

(ဆ) အမှတ်စဉ်တပ်ရာတွင် ဖော်ပြချက်တိုင်း၏ ဘေးဘက်တွင်ဖော်ပြရမည်။

(ဇ) စက်မှုဒီဇိုင်းတစ်ခု၏ မတူညီသော မြင်ကွင်းများကို အမှတ်စဉ်တပ်လျှင် ဂဏန်းနှစ်လုံးကို အလယ်မှ အစက်ချပြီး အမှတ်စဉ် တပ်ရမည်။

ဥပမာ – ၁.၁၊ ၁.၂၊ ၁.၃၊ ၁.၄၊ ၁.၅ စသည်ဖြင့် ဖော်ပြရမည်။

(ဈ) စက်မှုဒီဇိုင်း အများအပြား ပါဝင်သော လျှောက်ထားချက်တွင် စက်မှုဒီဇိုင်း တစ်ခုစီတိုင်းကို မတူညီသော အမှတ်စဉ်များဖြင့် ဖော်ပြရမည်။

ဥပမာ – ၁.၁၊ ၂.၁၊ ၃.၁၊ ၄.၁ စသည်ဖြင့် ဖော်ပြရမည်။

(ည) စက်မှုဒီဇိုင်း၏ အစိတ်အပိုင်းအားလုံးကို ရှင်းလင်းပြတ်သားစွာ ခွဲခြားသိမြင်နိုင်ပြီး ထုတ်ပြန်ကြေညာရန် အသုံးပြုနိုင်သော အရည်အသွေးပြည့်မီသည့် ဖော်ပြချက်ဖြစ်ရမည်။

(ဋ) အကာအကွယ်ရယူလိုသည့် စက်မှုဒီဇိုင်းမှလွဲ၍ အခြား မည်သည့်အရာမျှ ရောနှောပါဝင်ခြင်းမရှိစေဘဲ ၎င်းတစ်ခုတည်းကိုသာ ဖော်ပြရမည်။ စက်မှုဒီဇိုင်း တင်ပြရာတွင် မနုလွန်း မရင့်လွန်းသောအရောင်ကို နောက်ခံထား၍ ဖော်ပြရမည်။ နောက်ခံသည်

ဒီဇိုင်းပါဝင်သည့် ထုတ်ကုန်အသွင်သဏ္ဌာန်ကို ရှင်းလင်းပြတ်သားစွာ မြင်တွေ့နိုင်မည့် အရောင်ဖြစ်ရမည်။

(ဌ) စက်မှုဒီဇိုင်း အကာအကွယ်မရယူလိုသော အစိတ်အပိုင်းများကို မျဉ်းတိုမျဉ်းပြတ်များဖြင့် ဖြစ်စေ၊ အစက်ချမျဉ်းများဖြင့် ဖြစ်စေ ဖော်ပြရမည်။ ကြီးမားသောထုတ်ကုန်၏ အစိတ်အပိုင်းတစ်ခုကိုသာ အကာအကွယ် ရယူလိုပါက အကာအကွယ်မရယူလိုသော အစိတ်အပိုင်းကို ပုံရိပ် သို့မဟုတ် ခပ်မှိန်မှိန်ဖြင့်သာ ဒီဇိုင်းကို ခွဲခြားနိုင်ရန် ဖော်ပြရမည်။

(ဍ) နှစ်ဖက်မြင်ထုတ်ကုန်များအတွက် အနည်းဆုံးမြင်ကွင်း တစ်ပုံကို တင်ပြရမည်။ သုံးဖက်မြင် ထုတ်ကုန်များအတွက် စက်မှုဒီဇိုင်း၏ သွင်ပြင်လက္ခဏာများကို ရှုထောင့်ပေါင်းစုံမှ ထုတ်ဖော်ပြသထားသော စက်မှုဒီဇိုင်း၏ ရှေ့၊ နောက်၊ ဝဲ၊ ယာ၊ အပေါ် နှင့် အောက်တို့၏ မြင်ကွင်းများအပြင် စက်မှုဒီဇိုင်းတစ်ခုလုံးအား ခြုံငုံမြင်နိုင်သော မြင်ကွင်း (perspective view) ကိုလည်း တင်ပြရမည်။

(ဎ) စက်မှုဒီဇိုင်း၏ အပြင်ပန်းသွင်ပြင် လက္ခဏာများကို ဖော်ပြရာ၌ မတူညီသည့် ရှုထောင့်ဖြစ်သော်လည်း ထပ်တူညီသည့် သွင်ပြင်လက္ခဏာဖြစ်ပါက ထပ်မံဖော်ပြရန် မလိုအပ်ပါ။ အဆိုပါကိစ္စရပ်များအတွက် လျှောက်ထားချက်တွင် ရှင်းလင်းပြည့်စုံသော ရေးသားချက်ပါဝင်ရမည်။

ဥပမာ - စက်မှုဒီဇိုင်း၏ လက်ဝဲဘက်ခြမ်းသည် လက်ယာဘက်ခြမ်းနှင့် တစ်ထပ်တည်းတူညီကြသည် စသည်ဖြင့် ရေးသားချက်များဖော်ပြရမည်။

၇။ ထပ်တလဲလဲဖြစ်သည့် မျက်နှာပြင်ပုံစံများပါဝင်သော စက်မှုဒီဇိုင်းဖော်ပြချက်တစ်ခု၏ ဖော်ပြချက်တစ်ခုစီတိုင်းတွင် ပြီးပြည့်စုံသော မျက်နှာပြင်ပုံစံတစ်ခုဖြင့် ဖော်ပြရမည်ဖြစ်ပြီး အဆိုပါ ထပ်တလဲလဲ ပါဝင်သည့်အပိုင်းကို လုံလောက်စွာ ဖော်ပြရမည်။

၈။ လျှောက်ထားသူသည် စက်မှုဒီဇိုင်းတွင် သက်ရှိထင်ရှား ပုဂ္ဂိုလ်များ၏အမည် သို့မဟုတ် ရုပ်ပုံများကို အသုံးပြုထားပါက အဆိုပါပုဂ္ဂိုလ်၏ သဘောတူညီချက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ ကွယ်လွန်ပြီးသော ပုဂ္ဂိုလ်၏အမည် သို့မဟုတ် ရုပ်ပုံများကို အသုံးပြုထားပါက ၎င်း၏ တရားဝင်ကိုယ်စားလှယ် သို့မဟုတ် အမွေဆက်ခံသူ၏ သဘောတူညီချက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

## အခန်း (၄)

## လျှောက်ထားချက်ကိုစစ်ဆေးခြင်း

၉။ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အခကြေးငွေ ပေးသွင်းပြီး ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့်ပြည့်စုံသော စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက် လက်ခံရရှိသည့်နေ့ကို နိုင်ငံတော်တွင် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့အဖြစ် မှတ်ပုံတင်အရာရှိက သတ်မှတ်ပေးရမည်။

၁၀။ စစ်ဆေးရေးအရာရှိသည်-

(က) လျှောက်ထားချက်တွင် ဥပဒေပုဒ်မ ၂၁ ပါ အချက်များနှင့်ညီညွတ်ပြီး ဥပဒေပုဒ်မ ၂၂ ပါ အချက်များ ပြည့်စုံစွာပါဝင်ကြောင်း စစ်ဆေးတွေ့ရှိပါက လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံတင်ပြရမည်။

(ခ) လျှောက်ထားချက်တွင် ဥပဒေပုဒ်မ ၂၁ ပါ အချက်များနှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ဥပဒေပုဒ်မ ၂၂ ပါ အချက်များ ပြည့်စုံစွာ ပါဝင်ခြင်း မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ရန် သို့မဟုတ် ရှင်းလင်းချက်များကို တင်ပြရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လိုအပ်သော အချက်များကို ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်ကို စွန့်လွှတ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လိုအပ်သော အချက်များကို ပြင်ဆင်ဆောင်ရွက်လျှင် ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (ဂ) အရ ဆက်လက်ဆောင်ရွက်ရမည်။

(င) လျှောက်ထားချက်တွင် နည်းဥပဒေခွဲ (က) အရ ပြည့်စုံစွာပါဝင်သော လျှောက်ထားချက် သို့မဟုတ် နည်းဥပဒေခွဲ (ခ) အရ ပြည့်စုံစွာ ပြင်ဆင်ဆောင်ရွက်ထားသော လျှောက်ထားချက်ကို လက်ခံရရှိပါက ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ည) ပါ အဓိပ္ပာယ် ဖွင့်ဆို

ချက်တွင် အကျုံးဝင်ခြင်း ရှိ မရှိ ကိုလည်းကောင်း၊ ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) ပါ အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်း ဖြစ် မဖြစ် ကိုလည်းကောင်း ဆက်လက် စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၁၁။ မှတ်ပုံတင်အရာရှိသည်-

(က) နည်းဥပဒေ ၁၀ နည်းဥပဒေခွဲ (င) အရ တင်ပြလာသော လျှောက်ထားချက်သည် ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ည) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်ခြင်း မရှိလျှင်သော်လည်းကောင်း၊ ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) ပါ အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်းဖြစ်လျှင်သော်လည်းကောင်း လျှောက်ထားချက်တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားပြီး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

(ခ) နည်းဥပဒေ ၁၀ နည်းဥပဒေခွဲ (င) အရ တင်ပြလာသော လျှောက်ထားချက်သည် စက်မှုဒီဇိုင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုရှိပြီး ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) ပါ အချက်များနှင့်ကင်းလွတ်မှုရှိလျှင် လျှောက်ထားချက်တွင် ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားခြင်းမရှိပါက လျှောက်ထားချက်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာရမည်။ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားပါက တောင်းဆိုထားသော ကာလတိုင်အောင် လျှို့ဝှက်ပေးထားရမည်ဖြစ်ပြီး တောင်းဆိုထားသော ကာလပြည့်မြောက်သည့်နေ့တွင် အဆိုပါ လျှောက်ထားချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာရမည်။

၁၂။ မှတ်ပုံတင်အရာရှိသည် ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (ခ) အရ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည် -

(က) လျှောက်ထားသူ၏အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ခ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဂ) စက်မှုဒီဇိုင်းဖော်ပြချက်၊

(ဃ) ဒီဇိုင်း ပါဝင်သည့် ထုတ်ကုန် အမျိုးအစား နှင့် အမျိုးအစားခွဲ သို့မဟုတ် အသုံးပြုမည့် ဒီဇိုင်း နှင့် ပတ်သက်သည့် ထုတ်ကုန် အမျိုးအစား နှင့် အမျိုးအစားခွဲ၊

(င) စက်မှုဒီဇိုင်းအမှတ်စဉ် နှင့် ထုတ်ကုန်၏အညွှန်း၊

(စ) လျှောက်ထားချက်တင်သွင်းသည့် ရက်စွဲနှင့် လျှောက်ထားချက်နံပါတ်၊

(ဆ) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေး အခွင့်အရေးပါ အချက်အလက်များ၊

(ဇ) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးပါ အချက်အလက်များ၊

(ဈ) စက်မှုဒီဇိုင်းဖော်ပြချက်အကြောင်း ရှင်းလင်းရေးသားထားသည့် သရုပ်ဖော်ရေးသားချက် ရှိပါက ဖော်ပြရန်။

၁၃။ မှတ်ပုံတင်အရာရှိသည် ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (ဂ) နှင့်အညီ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုကြောင်း တောင်းဆိုချက်နှင့်စပ်လျဉ်း၍ အောက်ပါနည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်-

(က) လျှောက်ထားသူသည် ထုတ်ပြန်ကြေညာခြင်းကိုရွှေ့ဆိုင်းလိုကြောင်း တောင်းဆိုပါက လျှောက်ထားသူ၏ အမည်၊ လျှောက်ထားချက်တင်သွင်းသည့်ရက်စွဲ၊ ရွှေ့ဆိုင်းသည့် ကာလတို့ကိုသာထုတ်ပြန်ကြေညာရမည်။ အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် စက်မှု ဒီဇိုင်းဖော်ပြချက် နှင့် အပြင်ပန်းပုံသဏ္ဌာန်နှင့် သက်ဆိုင်သော မည်သည့်အကြောင်းအရာ ကိုမျှ ထည့်သွင်းထုတ်ပြန်ကြေညာခြင်း မပြုရ။

(ခ) ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းသည့်ကာလ ကုန်ဆုံးပြီးချိန် သို့မဟုတ် ထုတ်ပြန် ကြေညာခြင်းကို ရွှေ့ဆိုင်းသည့်ကာလ မကုန်ဆုံးမီ လျှောက်ထားသူက ထုတ်ပြန် ကြေညာပေးရန် တောင်းဆိုပါက လျှောက်ထားချက်နှင့်သက်ဆိုင်သည့် အချက်အလက် အားလုံးကို ထုတ်ပြန်ကြေညာရမည်။

၁၄။ တစ်ဦးထက်ပိုသူများက တူညီသောနေ့ရက် သို့မဟုတ် တူညီသော ဦးစားပေးအခွင့်အရေး နေ့ရက်များတွင် ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများကို မှတ်ပုံတင်ပေးရန် လျှောက်ထားကြောင်း ပေါ်ပေါက်ပါက ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ခ) အရ ဆွေးနွေးညှိနှိုင်းပြီးနောက်

ယင်းတို့အကြား သဘောတူညီချက်မရရှိပါက မှတ်ပုံတင်အရာရှိသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သင့်လျော်သောနည်းလမ်းများကို အသုံးပြု၍ ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ ညှိနှိုင်းပေးခြင်းအပေါ် သဘောတူညီချက် မရရှိလျှင် အဆိုပါ စက်မှုဒီဇိုင်းများအတွက် မှတ်ပုံတင်လျှောက်ထားခြင်းကို ပယ်ဖျက်ခြင်း။

## အခန်း (၅)

## ပြန်လည်လျှောက်ထားခြင်း

၁၅။ လျှောက်ထားသူသည် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ ပြင်ဆင် ဆောင်ရွက်ရန် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လိုက်နာရန် ပျက်ကွက်မှုကြောင့် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှုများ ဖြစ်ပေါ်စေမည်ဆိုပါက လိုက်နာရန် ပျက်ကွက်မှုကြောင့် စွန့်လွှတ်ခံရသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်လွှာပုံစံ ID – 3 ဖြင့် မှတ်ပုံတင်အရာရှိထံ ပြန်လည်လျှောက်ထားနိုင်သည်။

၁၆။ နည်းဥပဒေ ၁၅ အရ ပြန်လည်လျှောက်ထားရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဂ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(ဃ) ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာပါ ဆောင်ရွက်ရမည့် အချက်များကို ပြည့်စုံစွာ ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ဆောင်ရွက်ထားသည့် အချက်အလက် အထောက်အထားများ၊

(င) ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ပြီး ပြန်လည်တင်ပြခြင်း မပြုနိုင်ကြောင်းနှင့် စပ်လျဉ်း၍ ခိုင်လုံသော အကြောင်းပြချက်၊

(စ) စက်မှုဒီဇိုင်းမှတ်ပုံတင် စတင်လျှောက်ထားခြင်းအတွက် အခကြေးငွေပေးသွင်းသည့် အထောက်အထား၊

(ဆ) ပြန်လည်လျှောက်ထားခြင်းအတွက် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား။

၁၇။ မှတ်ပုံတင်အရာရှိသည် ပြန်လည်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ -

(က) နည်းဥပဒေ ၁၆ ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်းတွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေ ၁၆ ပါ အချက်အလက်များ ပြည့်စုံကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်ကို လက်ခံရမည်။

## အခန်း(၆)

## စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့် ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်ခြင်း

၁၈။ လျှောက်ထားသူသည် လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထား တစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှား နှင့် လျှောက်ထားသူ၏ နေရပ်လိပ်စာ၊ ကိုယ်စားလှယ်၏ လုပ်ငန်းဆောင်ရွက်သည့် လိပ်စာနှင့် စက်မှုဒီဇိုင်းဖော်ပြချက်အား ဖြည့်စွက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ဒီဇိုင်းအရေအတွက် တိုးချဲ့ခြင်း မဟုတ်သည့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက ပြင်ဆင်ပေးရန် လျှောက်လွှာပုံစံ ID – 4 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၉။ လျှောက်ထားသူသည် နည်းဥပဒေ ၁၈ အရ လျှောက်ထားရာတွင် မှတ်ပုံတင်အရာရှိက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက နောက်ဆုံး ဆုံးဖြတ်ချက် မချမှတ်မီ ဖြစ်စေ လျှောက်ထားရမည်။

၂၀။ နည်းဥပဒေ ၁၈ အရ လျှောက်ထားရာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) လျှောက်ထားချက် နံပါတ်၊

(ခ) လျှောက်ထားချက်တင်သွင်းသည့် ရက်စွဲ၊

(ဂ) လျှောက်ထားသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဃ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(င) မည်သည့် စာအရေးအသားအမှား သို့မဟုတ် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြား မှားယွင်းမှုများကို ပြင်ဆင်လိုကြောင်းဖော်ပြချက်၊

(စ) စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန်လျှောက်ထားခြင်းအတွက် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား။

၂၁။ မှတ်ပုံတင်အရာရှိသည် စာအရေးအသားအမှား နှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) နည်းဥပဒေ ၂၀ ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေ ၂၀ ပါ အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် ပြင်ဆင်ပေးရန် တောင်းဆိုသည့် အချက်အလက်များကို လျှောက်ထားချက်တွင် ပြင်ဆင်၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၂၂။ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက နောက်ဆုံး ဆုံးဖြတ်ချက် မချမှတ်မီ စာအရေးအသားအမှား နှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများ ကို ပြင်ဆင်ပေးရန် လျှောက်ထားလာပါက မှတ်ပုံတင်အရာရှိသည် လျှောက်ထားလာမှုနှင့် စပ်လျဉ်း၍ သိရှိစေရန် အေဂျင်စီထံ အကြောင်းကြားရမည့်အပြင် နည်းဥပဒေ ၂၁ ပါအတိုင်း ဆောင်ရွက်ထား ရှိမှုကို အေဂျင်စီထံ ထပ်မံ အကြောင်းကြားရမည်။

## အခန်း(၇)

## လျှောက်ထားချက်ကိုရုပ်သိမ်းခြင်း

၂၃။ လျှောက်ထားသူသည် စက်မှုဒီဇိုင်းတစ်ခုထက်ပို၍ ပါဝင်သော မှတ်ပုံတင်ပေးရန် လျှောက်ထား ချက်တွင် စက်မှုဒီဇိုင်းအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ် ခြင်းမပြုမီ ရုပ်သိမ်းပေးရန် လျှောက်လွှာပုံစံ ID – 5 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင် သည်။

၂၄။ နည်းဥပဒေ ၂၃ အရ လျှောက်ထားရာတွင် အောက်ပါတို့ ပါဝင်ရမည်–

(က) လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားချက်တင်သွင်းသည့်ရက်စွဲ၊

(ဂ) လျှောက်ထားသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဃ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(င) ရုပ်သိမ်းလိုသည့် စက်မှုဒီဇိုင်းအမှတ်စဉ်နှင့် ထုတ်ကုန်၏အညွှန်း၊

မှတ်ချက်။ စက်မှုဒီဇိုင်းအများအပြား ပါဝင်သော လျှောက်ထားချက်တွင် စက်မှုဒီဇိုင်းအချို့ကိုသာ ရုပ်သိမ်းလိုပါက ရုပ်သိမ်းလိုသည့် စက်မှုဒီဇိုင်းတစ်ခုချင်းစီ၏ အမှတ်စဉ် နှင့် ထုတ်ကုန်၏ အညွှန်းတို့ကို ဖော်ပြရမည်။

(စ) လျှောက်ထားသူ တစ်ဦးထက်ပိုသော လျှောက်ထားချက်ဖြစ်လျှင် လျှောက်ထားသူအားလုံး လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက် သို့မဟုတ် အထောက်အထား။

၂၅။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ -

(က) နည်းဥပဒေ ၂၄ ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေ ၂၄ ပါ အချက်အလက်များ ပြည့်စုံကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်တွင် ပါဝင်သော စက်မှုဒီဇိုင်းအားလုံးကို ရုပ်သိမ်းပေးရန် တောင်းဆိုခြင်းဖြစ်ပါက စက်မှုဒီဇိုင်း အားလုံးကိုဖြစ်စေ၊ စက်မှုဒီဇိုင်းအချို့ကို ရုပ်သိမ်းပေးရန် တောင်းဆိုခြင်းဖြစ်ပါက ယင်းတောင်းဆိုသည့် စက်မှုဒီဇိုင်းအချို့ကိုဖြစ်စေ ရုပ်သိမ်းရမည်။ ယင်းသို့ ရုပ်သိမ်းကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။

## အခန်း (၈)

## လျှောက်ထားချက်ကိုခွဲခြားခြင်း

၂၆။ လျှောက်ထားသူသည် စက်မှုဒီဇိုင်း အများအပြားပါဝင်သည့် လျှောက်ထားချက်ကို တစ်စောင်ထက်ပိုသော လျှောက်ထားချက်များအဖြစ် ခွဲခြားပေးရန် လျှောက်လွှာပုံစံ ID – 6 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၇။ လျှောက်ထားသူသည် လျှောက်ထားချက်ကို ခွဲခြားပေးရန် လျှောက်ထားရာတွင် မူလလျှောက်ထားချက်၌ တောင်းဆိုထားသော စက်မှုဒီဇိုင်း ဖော်ပြချက်ထက် မကျော်လွန်သော စက်မှုဒီဇိုင်း၏ အတိုင်းအတာနယ်ပယ် နှင့် အရေအတွက်အတွင်း၌သာ လျှောက်ထားရမည်။

၂၈။ နည်းဥပဒေ ၂၆ အရ လျှောက်ထားရာတွင် အောက်ပါတို့ပါဝင်ရမည် –

(က) လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားချက်တင်သွင်းသည့် ရက်စွဲ၊

(ဂ) လျှောက်ထားသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဃ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(င) ခွဲခြားလိုသည့် မှတ်ပုံတင်လျှောက်ထားချက် အရေအတွက်၊

(စ) လျှောက်ထားချက်အသစ်တွင် ပါဝင်မည့် ခွဲခြားလျှောက်ထားလိုသည့် စက်မှုဒီဇိုင်း အမှတ်စဉ်နှင့် ထုတ်ကုန်၏အညွှန်း၊

(ဆ) မူလ လျှောက်ထားသော လျှောက်ထားချက်တွင် ကျန်ရှိမည့် စက်မှုဒီဇိုင်း အမှတ်စဉ်နှင့် ထုတ်ကုန်၏အညွှန်း၊

(ဇ) စက်မှုဒီဇိုင်းများ ခွဲခြားပေးရန် လျှောက်ထားခြင်းအတွက် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား။

၂၉။ မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်ကို ခွဲခြားပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍-

(က) နည်းဥပဒေ ၂၈ ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေ ၂၈ ပါ အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင်-

(၁) လျှောက်ထားချက် အသစ်တစ်ခုချင်းစီအတွက် ခွဲခြားပေးရန် လျှောက်ထားချက်နှင့် မူလလျှောက်ထားချက် မိတ္တူ အပြည့်အစုံပါဝင်သည့် သီးခြားဖိုင် ထားရှိရမည်။

(၂) စက်မှုဒီဇိုင်းအများအပြား ပါဝင်သော လျှောက်ထားချက်များကို လျှောက်ထားချက်အသစ်အဖြစ် မှတ်ပုံတင်ပေးရန် ခွဲခြား၍လျှောက်ထားလျှင် ယင်းလျှောက်ထားချက်တစ်ခုချင်းစီအတွက် မူလလျှောက်ထားချက် တင်သွင်းသည့်နေ့ကို လျှောက်ထားချက်တင်သွင်းသည့်နေ့အဖြစ် သတ်မှတ်ရမည်။

(၃) မူလလျှောက်ထားချက်တွင် ဦးစားပေးအခွင့်အရေး တောင်းဆိုထားပါက ခွဲခြားလျှောက်ထားသည့် လျှောက်ထားချက် တစ်ခုချင်းစီအတွက် အဆိုပါ ဦးစားပေးအခွင့်အရေးနေ့ကို သတ်မှတ်ပေးရမည်။

(၄) ခွဲခြားထားသည့် လျှောက်ထားချက်တစ်ခုချင်းစီအတွက် လျှောက်ထားချက်နံပါတ်အသစ် သီးခြားစီသတ်မှတ်၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၅) ခွဲခြားထားသည့် လျှောက်ထားချက်အသစ် တစ်ခုချင်းစီကို နည်းဥပဒေ ၁၂ နှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၃၀။ မှတ်ပုံတင်အရာရှိသည်-

(က) လျှောက်ထားချက်တွင် ပါဝင်သော စက်မှုဒီဇိုင်းများသည် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်း အမျိုးအစား ခွဲခြားသတ်မှတ်ခြင်း သဘောတူညီချက်ပါ အမျိုးအစားတစ်ခု

တည်းတွင် အကျုံးမဝင်ပါက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားချက်ကို ခွဲခြားလျှောက်ထားရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့်ကာလအတွင်း လျှောက်ထားချက်ကို ခွဲခြားလျှောက်ထားခြင်းမရှိလျှင် လျှောက်ထားချက်တွင် ပထမဆုံး ဖော်ပြထားသည့် စက်မှုဒီဇိုင်း ပါဝင်သော ထုတ်ကုန်အမျိုးအစား တစ်ခုထဲအောက် တွင်ရှိသည့် စက်မှုဒီဇိုင်းများကိုသာ လျှောက်ထားသည့် စက်မှုဒီဇိုင်းများအဖြစ် သတ်မှတ်ရမည်။

## အခန်း(၉)

## ကန့်ကွက်ခြင်း

၃၁။ ဥပဒေ ပုဒ်မ ၃၁ အရ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်သူသည် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာကို လျှောက်လွှာပုံစံ ID – 7 ဖြင့် မှတ်ပုံတင်အရာရှိထံ တင်သွင်းနိုင်သည်။

၃၂။ နည်းဥပဒေ ၃၁ အရ ကန့်ကွက်လွှာတင်သွင်းရာတွင် အောက်ပါတို့ ပါဝင်ရမည် –

(က) ကန့်ကွက်လိုသည့် စက်မှုဒီဇိုင်း လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားချက် တင်သွင်းသည့် ရက်စွဲ၊

(ဂ) လျှောက်ထားသူ၏ အမည်၊

(ဃ) ကန့်ကွက်သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသား ဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ တရားဝင်ဖွဲ့စည်း ထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်းတည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(င) ကန့်ကွက်သူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(စ) ကန့်ကွက်ချက်တွင် အခြေခံလိုသည့် ဥပဒေပါအကြောင်းပြချက်၊

(ဆ) ကန့်ကွက်လိုသည့် အကျိုးအကြောင်းဖော်ပြချက်၊

မှတ်ချက်။ ယင်းနှင့်သက်ဆိုင်သော သက်သေခံ အထောက်အထားများကို ပူးတွဲတင်ပြရမည်။

(ဇ) ကန့်ကွက်လိုသည့် စက်မှုဒီဇိုင်းအမှတ်စဉ်နှင့် ထုတ်ကုန်၏အညွှန်း၊

မှတ်ချက်။ စက်မှုဒီဇိုင်းအများအပြားပါဝင်သော လျှောက်ထားချက်တွင် စက်မှုဒီဇိုင်းအချို့ကိုသာ ကန့်ကွက်လွှာ တင်သွင်းလာပါက ကန့်ကွက်လိုသည့် စက်မှုဒီဇိုင်းတစ်ခုချင်းစီ၏ အမှတ်စဉ်နှင့် ထုတ်ကုန်၏အညွှန်း တို့ကို ဖော်ပြရမည်။

(ဈ) ကန့်ကွက်ခြင်းအတွက် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား။

၃၃။ ကန့်ကွက်လွှာနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများ အားလုံးကို မိတ္တူ နှစ်စုံဖြင့် တင်ပြရမည်။

## အခန်း(၁၀)

## ကန့်ကွက်ခြင်းဆိုင်ရာ ဆောင်ရွက်မည့်နည်းလမ်းများ

၃၄။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာ လက်ခံရရှိသည့်အခါ-

(က) ဥပဒေ ပုဒ်မ ၃၁ အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကန့်ကွက်လွှာ တင်သွင်းခြင်း ရှိ မရှိ စစ်ဆေးပြီး သတ်မှတ်ကာလ ကျော်လွန်ပြီး လျှောက်ထားလာသော ကန့်ကွက်လွှာကို ငြင်းပယ်ကြောင်း ကန့်ကွက်သူထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ကာလအတွင်း လျှောက်ထားလာသော ကန့်ကွက်လွှာကို နည်းဥပဒေ ၃၂ ပါ အချက်အလက်များ ပြည့်စုံမှု ရှိ မရှိ ဆက်လက်စစ်ဆေးပြီး ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် ကန့်ကွက်သူထံ အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါကန့်ကွက်လွှာသည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေ ၃၂ ပါ အချက်အလက်များ ပြည့်စုံပါက ကန့်ကွက်သူ၏ ကန့်ကွက်ချက်နှင့်အတူ ပူးတွဲတင်ပြထားသော စာရွက်စာတမ်းများကို လျှောက်ထားသူထံ ပေးပို့အကြောင်းကြားရမည်ဖြစ်ပြီး လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်ချက်အပေါ် ခုခံချေပချက်များကို မိတ္တူနှစ်စုံနှင့်အတူ တင်ပြရမည်။

(င) လျှောက်ထားသူ၏ ခုခံချေပချက်ကို လက်ခံရရှိပါက ခုခံချေပချက် မိတ္တူတစ်စုံကို ကန့်ကွက်သူထံ ပေးပို့ပြီး လျှောက်ထားသူ၏ ခုခံချေပချက်နှင့် စပ်လျဉ်း၍ ထပ်မံတင်ပြရန်ရှိလျှင် ပြန်လည်ချေပချက်နှင့် ခိုင်လုံသော သက်သေခံ အထောက်အထားများကို မိတ္တူနှစ်စုံနှင့်အတူ အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပေးပို့ရန် ကန့်ကွက်သူထံ အကြောင်းကြားရမည်။

(စ) ရှင်းလင်းချက်များ ထပ်မံ လိုအပ်သည်ဟု ယူဆလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်များထံ နောက်ထပ်အကြောင်းပြချက်များ သို့မဟုတ် အခြားစာရွက်စာတမ်းများကို အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြနိုင်ကြောင်း အကြောင်းကြားနိုင်သည်။

(ဆ) လိုအပ်ပါက နှစ်ဦး နှစ်ဖက်ကို ကြားနာရန် ဆင့်ခေါ်နိုင်သည်။

(ဇ) တင်ပြထားသည့် အကြောင်းပြချက်၊ သက်သေခံအထောက်အထားများ နှင့် စာရွက်စာတမ်းများအပေါ် အခြေခံ၍ ကန့်ကွက်ခြင်းကို ဆုံးဖြတ်ရမည်။

(ဈ) မှတ်ပုံတင်စာရင်းတွင် ဆုံးဖြတ်ချက်ကို မှတ်တမ်းတင်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များထံ အကြောင်းကြားရမည့်အပြင် အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၃၅။ စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းအပေါ် ကန့်ကွက်ခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားချက်တင်သွင်းသည့် ရက်စွဲ၊

(ဂ) လျှောက်ထားသူ၏ အမည်နှင့်နေရပ်လိပ်စာအပြည့်အစုံ၊

(ဃ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(င) ဆုံးဖြတ်ချက် အကျဉ်းချုပ်၊

(စ) ကန့်ကွက်ချက်တွင် ပါဝင်သော ဒီဇိုင်းပါဝင်သည့် ထုတ်ကုန် အမျိုးအစား နှင့် အမျိုးအစားခွဲ သို့မဟုတ် အသုံးပြုမည့် ဒီဇိုင်းနှင့် ပတ်သက်သည့် ထုတ်ကုန် အမျိုးအစား နှင့် အမျိုးအစားခွဲ နှင့် ထုတ်ကုန်၏အညွှန်း။

## အခန်း(၁၁)

## မှတ်ပုံတင်ခြင်းနှင့် မှတ်တမ်းတင်ခြင်း

၃၆။ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းအပေါ် ကန့်ကွက်ရန် လျှောက်ထားခြင်း မရှိလျှင်ဖြစ်စေ၊ လျှောက်ထားသော ကန့်ကွက်ခြင်း တစ်ရပ်ရပ်အပေါ် ရုပ်သိမ်းလျှင်ဖြစ်စေ၊ ငြင်းပယ်ခြင်းခံရလျှင်ဖြစ်စေ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်အခကြေးငွေ ပေးသွင်းရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင် အခကြေးငွေ ပေးသွင်းနိုင်ခြင်း မရှိပါက မှတ်ပုံတင်ခြင်းကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၃၇။ စက်မှုဒီဇိုင်း မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်တမ်းတင်ရာတွင် အောက်ပါတို့ ပါဝင်ရမည် -

(က) လျှောက်ထားချက် နံပါတ်၊

(ခ) လျှောက်ထားချက်တင်သွင်းသည့် ရက်စွဲ၊

(ဂ) လျှောက်ထားသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ တရားဝင် ဖွဲ့စည်းထားသောအဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်း တည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(ဃ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(င) စက်မှုဒီဇိုင်းဖော်ပြချက်၊

(စ) ဒီဇိုင်း ပါဝင်သည့် ထုတ်ကုန်အမျိုးအစား နှင့် အမျိုးအစားခွဲ သို့မဟုတ် အသုံးပြုမည့် ဒီဇိုင်း နှင့် ပတ်သက်သည့် ထုတ်ကုန်အမျိုးအစား နှင့် အမျိုးအစားခွဲ နှင့် ထုတ်ကုန်၏ အညွှန်း၊

(ဆ) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေး အခွင့်အရေးပါ အချက်အလက်များ၊

(ဇ) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးပါ အချက်အလက်များ၊

(ဈ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်သည့် ရက်စွဲ၊

(ည) စက်မှုဒီဇိုင်းမှတ်ပုံတင်နံပါတ်၊

(ဋ) သရုပ်ဖော်ရေးသားချက်၊

(ဌ) စက်မှုဒီဇိုင်း၏ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးမည့်ရက်စွဲ၊

(ဍ) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတွင် ထပ်မံထည့်သွင်းရန် လိုအပ်သည်ဟု ယူဆသည့်အချက်အလက်။

၃၈။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ –

(က) ခွင့်ပြုလျှင် ခွင့်ပြုကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး နည်းဥပဒေ ၃၇ ပါ အချက်အလက်များအတိုင်း အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

(ခ) ငြင်းပယ်လျှင် ငြင်းပယ်ကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး အများ ပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူထံ ထုတ်ပေးရမည်။

၃၉။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းပိုင်ရှင်က စက်မှုဒီဇိုင်းမှတ်ပုံတင် လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးသဖြင့် မိတ္တူမှန် ထုတ်ပေးရန် အခကြေးငွေ ပေးသွင်းပြီး လျှောက်လွှာပုံစံ ID – 8

ဖြင့် လျှောက်ထားလာပါက လျှောက်ထားချက်ကို စိစစ်ပြီး စက်မှုဒီဇိုင်းမှတ်ပုံတင် လက်မှတ် မိတ္တူမှန် ထုတ်ပေးရမည်။

## အခန်း(၁၂)

## အခွင့်အရေးစွန့်လွှတ်ခြင်း

၄၀။ စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသနှင့်သက်ဆိုင်သော ၎င်း၏ အခွင့်အရေးကို စွန့်လွှတ်လိုပါက လျှောက်လွှာပုံစံ ID – 9 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄၁။ နည်းဥပဒေ ၄၀ အရ လျှောက်ထားရာတွင် အောက်ပါတို့ ပါဝင်ရမည်–

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်နံပါတ်၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ကို ပူးတွဲတင်ပြရမည်။

(ဃ) အခွင့်အရေးကိုစွန့်လွှတ်လိုသည့် စက်မှုဒီဇိုင်းအမှတ်စဉ်နှင့် ထုတ်ကုန်၏အညွှန်း။

မှတ်ချက်။ စက်မှုဒီဇိုင်းအများအပြားပါဝင်သော လျှောက်ထားချက်တွင် စက်မှုဒီဇိုင်းအချို့ကိုသာ စွန့်လွှတ်လိုပါက စွန့်လွှတ်လိုသည့် စက်မှုဒီဇိုင်းတစ်ခုချင်းစီ၏ အမှတ်စဉ်နှင့် ထုတ်ကုန်၏အညွှန်းတို့အား ဖော်ပြရမည်။

၄၂။ အခွင့်အရေးစွန့်လွှတ်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည်–

(က) နည်းဥပဒေ ၄၁ ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်းတွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်က နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေ ၄၁ ပါအချက်အလက်များ ပြည့်စုံကြောင်းတွေ့ရှိလျှင် အဆိုပါ စွန့်လွှတ်ခြင်းကို မှတ်ပုံတင်စာရင်း၌ မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၃)

## မှတ်ပုံတင်စာရင်းကို ပြင်ဆင်ခြင်း

၄၃။ စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသား အမှားကို ပြင်ဆင်ပေးရန်သော်လည်းကောင်း၊ နိုင်ငံသား နှင့် နေရပ်လိပ်စာများကို ပြင်ဆင်ပေးရန် သော်လည်းကောင်း၊ မှတ်ပုံတင်ပြီးသည့် စက်မှုဒီဇိုင်း၊ ထုတ်ကုန်အမျိုးအစား၊ အမျိုးအစားခွဲ နှင့် ထုတ်ကုန်အညွှန်းမှလွဲ၍ ပြင်ဆင်ခွင့်ပြုနိုင်သည့် မည်သည့်မှားယွင်းမှုများကိုမဆို ပြင်ဆင်ပေးရန် သော်လည်းကောင်း လျှောက်လွှာပုံစံ ID – 10 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄၄။ နည်းဥပဒေ ၄၃ အရ လျှောက်ထားရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) စက်မှုဒီဇိုင်း မှတ်ပုံတင်နံပါတ်၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(ဃ) မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်လိုသည့် အချက်များ၊

(င) မှတ်ပုံတင်စာရင်းကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းအတွက် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား။

၄၅။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်း မှတ်ပုံတင်စာရင်းကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ -

(က) နည်းဥပဒေ ၄၄ ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်က နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေ ၄၄ ပါ အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်၍ စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားရမည်။

## အခန်း (၁၄)
## သက်တမ်းတိုးခြင်း

၄၆။ စက်မှုဒီဇိုင်းပိုင်ရှင်သည် စက်မှုဒီဇိုင်းမှတ်ပုံတင် သက်တမ်းကာလ ကုန်ဆုံးမည့်နေ့ မတိုင်မီ ခြောက်လအတွင်းဖြစ်စေ၊ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်းဖြစ်စေ သက်တမ်းတိုးပေးရန် လျှောက်လွှာပုံစံ ID – 11 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄၇။ နည်းဥပဒေ ၄၆ အရ လျှောက်ထားရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်နံပါတ်၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(ဃ) သက်တမ်းတိုးလိုသည့် စက်မှုဒီဇိုင်းအမှတ်စဉ်နှင့် ထုတ်ကုန်၏အညွှန်း၊

မှတ်ချက်။ စက်မှုဒီဇိုင်း အများအပြားပါဝင်သော လျှောက်ထားချက်တွင် စက်မှုဒီဇိုင်းအချို့ကိုသာ သက်တမ်းတိုးလိုလျှင် သက်တမ်းတိုးလိုသည့် စက်မှုဒီဇိုင်းတစ်ခုချင်းစီ၏အမှတ်စဉ်နှင့် ထုတ်ကုန်၏အညွှန်းတို့အား ဖော်ပြရမည်။

(င) မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့် နေ့ရက်၊

(စ) စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းအတွက် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား။

မှတ်ချက်။ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်းတွင် သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းဖြစ်လျှင် သတ်မှတ်ထားသည့် ရက်လွန်ကြေး အခကြေးငွေကိုပေးသွင်းရမည်။

၄၈။ မှတ်ပုံတင်အရာရှိသည် သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) နည်းဥပဒေ ၄၇ ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီ ခြောက်လအတွင်း သို့မဟုတ် သက်တမ်းကုန်ဆုံးပြီးနောက် အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း ပြင်ဆင်ဆောင်ရွက်ရန် စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်က နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူပြီး စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခြင်းမှ ရုပ်သိမ်းကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဂ) နည်းဥပဒေ ၄၇ ပါ အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် ဥပဒေပုဒ်မ ၄၄ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းကို သက်တမ်းတိုးပေးပြီး မှတ်ပုံတင်စာရင်းတွင် သက်တမ်းကုန်ဆုံးမည့် ရက်စွဲကို ပြောင်းလဲ၍ မှတ်တမ်းတင်

ပေးရမည်။ သက်တမ်းတိုးပြီးကြောင်း အတည်ပြုချက်ကိုလည်း စက်မှုဒီဇိုင်းပိုင်ရှင်ထံ ပေးပို့ အကြောင်းကြား၍ အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၄၉။ (က) စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းအား သက်တမ်းတိုးခြင်းကို ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(၁) စက်မှုဒီဇိုင်း မှတ်ပုံတင်နံပါတ်၊

(၂) စက်မှုဒီဇိုင်းပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၃) စက်မှုဒီဇိုင်းပိုင်ရှင်သည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၄) ဒီဇိုင်းပါဝင်သည့် ထုတ်ကုန်အမျိုးအစား နှင့် အမျိုးအစားခွဲ သို့မဟုတ် အသုံးပြုမည့် ဒီဇိုင်း နှင့် ပတ်သက်သည့် ထုတ်ကုန် အမျိုးအစား နှင့် အမျိုးအစားခွဲ နှင့် ထုတ်ကုန်၏အညွှန်း၊

(၅) စက်မှုဒီဇိုင်း မှတ်ပုံတင်သက်တမ်းအသစ် ကုန်ဆုံးမည့်ရက်စွဲ။

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ရုပ်သိမ်းခြင်းအတွက် ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(၁) စက်မှုဒီဇိုင်း မှတ်ပုံတင်နံပါတ် ၊

(၂) စက်မှုဒီဇိုင်း ပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၃) စက်မှုဒီဇိုင်းပိုင်ရှင်သည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(၄) ဒီဇိုင်းပါဝင်သည့် ထုတ်ကုန် အမျိုးအစား နှင့် အမျိုးအစားခွဲ သို့မဟုတ် အသုံးပြုမည့် ဒီဇိုင်း နှင့် ပတ်သက်သည့် ထုတ်ကုန် အမျိုးအစား နှင့် အမျိုးအစားခွဲ နှင့် ထုတ်ကုန်၏အညွှန်း၊

(၅) စက်မှုဒီဇိုင်းအမှတ်စဉ်၊

(၆) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ရုပ်သိမ်းရသည့် အကြောင်းရင်း။

## အခန်း (၁၅)

## စက်မှုဒီဇိုင်းအခွင့်အရေးလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ခြင်း

၅၀။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ စက်မှုဒီဇိုင်း ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် လွှဲပြောင်းခြင်းကို လက်ခံသူက လျှောက်လွှာပုံစံ ID – 12 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၁။ နည်းဥပဒေ ၅၀ အရ လျှောက်ထားရာတွင် အောက်ပါတို့ပါဝင်ရမည် –

(က) စက်မှုဒီဇိုင်း မှတ်ပုံတင်နံပါတ်၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(ဃ) လွှဲပြောင်းခြင်းကို လက်ခံသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်း တည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(င) လွှဲပြောင်းခြင်းကိုလက်ခံသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲ တင်ပြရမည်။

(စ) လွှဲပြောင်းခြင်းကိုလက်ခံသူသည် မည်သည့် နိုင်ငံသားဖြစ်စေကာမူ နိုင်ငံသားခံယူ ထားသည့် နိုင်ငံအမည်၊ အမြဲတမ်းနေထိုင်သည့် နိုင်ငံအမည် နှင့် လက်တွေ့လုပ်ငန်း

ဆောင်ရွက်လျက်ရှိသော ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း သို့မဟုတ် စီးပွားရေး လုပ်ငန်းတည်ထောင်ထားပါက ယင်းလုပ်ငန်းတည်ရှိရာ နိုင်ငံအမည်၊

(ဆ) ပိုင်ဆိုင်မှုလွှဲပြောင်းလိုသည့် စက်မှုဒီဇိုင်းအမှတ်စဉ်နှင့် ထုတ်ကုန်၏အညွှန်း၊

မှတ်ချက်။ စက်မှုဒီဇိုင်းအများအပြား မှတ်ပုံတင်ခြင်းတွင် စက်မှုဒီဇိုင်းအချို့ကိုသာ ပိုင်ဆိုင်မှု လွှဲပြောင်းလိုပါက လွှဲပြောင်းလိုသည့် စက်မှုဒီဇိုင်းတစ်ခုချင်းစီ ၏ အမှတ်စဉ် နှင့် ထုတ်ကုန်၏ အညွှန်းတို့ကို ဖော်ပြရမည်။

(ဇ) ပိုင်ဆိုင်မှုလွှဲပြောင်းသည့် သက်သေခံအထောက်အထား၊

(၁) သက်သေခံ အထောက်အထားတင်ပြရာတွင် စက်မှုဒီဇိုင်းပိုင်ရှင် နှင့် စက်မှု ဒီဇိုင်း လွှဲပြောင်းခြင်းကို လက်ခံသူတို့ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးထား သော သဘောတူညီချက်မိတ္တူမှန် ပူးတွဲတင်ပြရမည်။

(၂) ပူးတွဲပိုင်ဆိုင်သော စက်မှုဒီဇိုင်းဖြစ်လျှင် ထိုပူးတွဲပိုင်ရှင်က သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် စာရွက်စာတမ်း တင်ပြရမည်။

(ဈ) ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းအတွက် အခကြေး ငွေပေးသွင်းပြီးကြောင်း အထောက်အထား။

၅၂။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍-

(က) နည်းဥပဒေ ၅၁ ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်း ကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် စက်မှု ဒီဇိုင်းပိုင်ရှင် သို့မဟုတ် လွှဲပြောင်းခြင်းကို လက်ခံသူထံ အကြောင်းကြားရမည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် လွှဲပြောင်းခြင်းကို လက်ခံသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေ ၅၁ ပါ အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်၍ စက်မှုဒီဇိုင်းပိုင်ရှင်နှင့် လွှဲပြောင်းခြင်းကို

လက်ခံသူတို့ထံ အကြောင်းကြားပြီး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၅၃။ စက်မှုဒီဇိုင်းအများအပြား ပါဝင်သည့် မှတ်ပုံတင်ခြင်းတွင် စက်မှုဒီဇိုင်းအချို့ကိုသာ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းဖြစ်လျှင်-

(က) မှတ်ပုံတင်အရာရှိသည် မူလမှတ်ပုံတင်စာရင်း၌ ကျန်ရှိမည့် စက်မှုဒီဇိုင်း အရေအတွက် စာရင်းနှင့် ပိုင်ဆိုင်မှုလွှဲပြောင်းမည့် စက်မှုဒီဇိုင်းအရေအတွက် စာရင်းကို မထပ်စေဘဲ ခွဲခြား သတ်မှတ်ပေးရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် မူလမှတ်ပုံတင်ထားသော မှတ်ပုံတင်ခြင်းနှင့် ယခု စက်မှု ဒီဇိုင်းအချို့ မှတ်ပုံတင်ခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားချက်တို့အကြား ဆက်စပ်မှု ရရှိစေရန် မူလမှတ်ပုံတင်ထားသော အချက်အလက် အပြည့်အစုံ ပူးတွဲ ပါဝင်သည့် မှတ်ပုံတင်ခြင်း အသစ်တစ်ခုအဖြစ် မှတ်တမ်းတင်ပေးရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းအချို့ကို ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်း တင်ခြင်း အသစ်အတွက် စက်မှုဒီဇိုင်းမှတ်ပုံတင် နံပါတ်အသစ်တစ်ခု ထုတ်ပေးရမည်။

၅၄။ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားချက်အား ထုတ်ပြန်ကြေညာရာ တွင် အောက်ပါတို့ ပါဝင်ရမည်-

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်နံပါတ်၊

(ခ) ဒီဇိုင်း ပါဝင်သည့် ထုတ်ကုန် အမျိုးအစား နှင့် အမျိုးအစားခွဲ သို့မဟုတ် အသုံးပြုမည့် ဒီဇိုင်း နှင့် ပတ်သက်သည့် ထုတ်ကုန်အမျိုးအစား နှင့် အမျိုးအစားခွဲ နှင့် ထုတ်ကုန်၏ အညွှန်း၊

(ဂ) လွှဲပြောင်းခြင်းကို လက်ခံသူ၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဃ) လွှဲပြောင်းခြင်းကို လက်ခံသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(င) စက်မှုဒီဇိုင်းဖော်ပြချက်။

၅၅။ စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားချက်ကို လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားရာတွင် စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

## အခန်း (၁၆)

## ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ခြင်း

၅၆။ စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်လွှာပုံစံ ID – 13 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၇။ နည်းဥပဒေ ၅၆ အရ လျှောက်ထားရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် စက်မှုဒီဇိုင်း မှတ်ပုံတင်နံပါတ်၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(ဃ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်းတည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(င) ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(စ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူသည် မည်သည့် နိုင်ငံသားဖြစ်စေကာမူ နိုင်ငံသား ခံယူထားသည့် နိုင်ငံအမည်၊ အမြဲတမ်းနေထိုင်သည့် နိုင်ငံအမည်နှင့် လက်တွေ့ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း သို့မဟုတ် စီးပွားရေး လုပ်ငန်းတည်ထောင်ထားပါက ယင်းလုပ်ငန်းတည်ရှိရာ နိုင်ငံအမည်၊

(ဆ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် စက်မှုဒီဇိုင်းအမှတ်စဉ်နှင့် ထုတ်ကုန်၏ အညွှန်း၊

မှတ်ချက်။ စက်မှုဒီဇိုင်းအများအပြား မှတ်ပုံတင်ခြင်းတွင် စက်မှုဒီဇိုင်း အချို့ကိုသာ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရလိုပါက ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရလိုသည့် စက်မှုဒီဇိုင်း တစ်ခုချင်းစီ၏ အမှတ်စဉ် နှင့် ထုတ်ကုန်၏အညွှန်း တို့ကို ဖော်ပြရမည်။

(ဇ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် စက်မှုဒီဇိုင်းဖော်ပြချက်၊

(ဈ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသည့် သက်တမ်းကာလ၊

(ည) မှတ်ပုံတင်ရရှိထားသည့် နိုင်ငံ၏နယ်နိမိတ်အတွင်း နယ်မြေတစ်စိတ်တစ်ဒေသကိုသာလျှင် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးမည်ဆိုလျှင် တိကျသည့် နယ်မြေဖော်ပြချက်၊

(ဋ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းအတွက် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား။

၅၈။ (က) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားရာတွင် စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့် ရရှိသူတို့ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးထားသော သဘောတူညီချက်မိတ္တူမှန် ပူးတွဲတင်ပြရမည်။

(ခ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားရာတွင် ပူးတွဲပိုင်ဆိုင်သော စက်မှုဒီဇိုင်းဖြစ်လျှင် ထိုပူးတွဲပိုင်ရှင်က သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် စာရွက်စာတမ်း တင်ပြရမည်။

၅၉။ မှတ်ပုံတင်အရာရှိသည် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) နည်းဥပဒေ ၅၇ နှင့် ၅၈ တို့ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင် ဆောင်ရွက်ရန်

စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံ အကြောင်းကြားရမည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေ ၅၇ နှင့် ၅၈ တို့ပါ အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်၍ စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ၎င်း၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံ အကြောင်းကြားပြီး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၆၀။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ခြင်းအတွက် ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုမည့် စက်မှုဒီဇိုင်း မှတ်ပုံတင်နံပါတ်၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်၏ အမည်နှင့်နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဃ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ၏ အမည် နှင့်နေရပ်လိပ်စာ အပြည့်အစုံ၊

(င) ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူသည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(စ) ဒီဇိုင်းပါဝင်သည့် ထုတ်ကုန် အမျိုးအစား နှင့် အမျိုးအစားခွဲ သို့မဟုတ် အသုံးပြုမည့် ဒီဇိုင်း နှင့် ပတ်သက်သည့် ထုတ်ကုန် အမျိုးအစား နှင့် အမျိုးအစားခွဲ နှင့် ထုတ်ကုန်၏ အညွှန်း၊

(ဆ) မှတ်ပုံတင်ရရှိထားသည့် နိုင်ငံ၏နယ်နိမိတ်အတွင်း နယ်မြေတစ်စိတ်တစ်ဒေသကိုသာလျှင် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးမည်ဆိုပါက တိကျသည့် နယ်မြေဖော်ပြချက်၊

(ဇ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် စက်မှုဒီဇိုင်း ဖော်ပြချက်၊

(ဈ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသည့် သက်တမ်းကာလ။

## အခန်း(၁၇)

## ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းတင်ခြင်းကို ပယ်ဖျက်ခြင်း

၆၁။ စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူသည် ဥပဒေပုဒ်မ ၅၇ အရ မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ခြင်းအား ပယ်ဖျက်ပေးရန် နည်းဥပဒေ ၆၀ နည်းဥပဒေခွဲ (စ) ပါ သက်တမ်းကာလမကုန်ဆုံးမီ လျှောက်လွှာပုံစံ ID – 14 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၆၂။ နည်းဥပဒေ ၆၁ အရ လျှောက်ထားရာတွင် အောက်ပါတို့ပါဝင်ရမည် –

(က) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် စက်မှုဒီဇိုင်းမှတ်ပုံတင်နံပါတ်၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(ဃ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်း တည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(င) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(စ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူသည် မည်သည့် နိုင်ငံသားဖြစ်စေကာမူ နိုင်ငံသား ခံယူထားသည့် နိုင်ငံအမည်၊ အမြဲတမ်းနေထိုင်သည့် နိုင်ငံအမည် နှင့် လက်တွေ့

လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းတည်ထောင်ထားပါက ယင်းလုပ်ငန်းတည်ရှိရာ နိုင်ငံအမည်၊

(ဆ) မှတ်ပုံတင်မှတ်တမ်းမှ ပယ်ဖျက်လိုသည့် စက်မှုဒီဇိုင်းအမှတ်စဉ်နှင့် ထုတ်ကုန်၏ အညွှန်း။

မှတ်ချက်။ စက်မှုဒီဇိုင်း အများအပြား မှတ်ပုံတင်ခြင်းတွင် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် စက်မှုဒီဇိုင်းများမှ ပယ်ဖျက်လိုသည့် စက်မှုဒီဇိုင်းအမှတ်စဉ်နှင့် ထုတ်ကုန်၏ အညွှန်းတို့အားဖော်ပြရမည်။

၆၃။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ထားခြင်းမှ ပယ်ဖျက်ပေးရန် လျှောက်ထားရာတွင် အောက်ပါအထောက်အထား တစ်ခုခုနှင့်အတူ ပူးတွဲတင်ပြရမည်-

(က) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ထားရှိခြင်းမှ ပယ်ဖျက်ပေးရန် လျှောက်ထားချက် နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင် နှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့အကြား ပယ်ဖျက်ပေးရန် လျှောက်ထားချက်ကို သဘောတူကြောင်း လက်မှတ်ရေးထိုးထားချက်။

၆၄။ မှတ်ပုံတင်အရာရှိသည် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ထားရှိခြင်းအား ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က ) နည်းဥပဒေ ၆၂ နှင့် ၆၃ တို့ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံ အကြောင်းကြားရမည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေ ၆၂ နှင့် ၆၃ တို့ပါ အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ထားခြင်းမှ ပယ်ဖျက်၍ စက်မှုဒီဇိုင်း

ပိုင်ရှင်နှင့် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံ အကြောင်းကြားပြီး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၆၅။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ထားရှိခြင်းမှ ပယ်ဖျက်ကြောင်း ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် စက်မှုဒီဇိုင်း မှတ်ပုံတင်နံပါတ်၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဃ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(င) ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူသည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(စ) မှတ်ပုံတင်မှတ်တမ်းမှ ပယ်ဖျက်လိုသည့် ဒီဇိုင်းပါဝင်သည့် ထုတ်ကုန်အမျိုးအစားနှင့် အမျိုးအစားခွဲ သို့မဟုတ် အသုံးပြုမည့် ဒီဇိုင်းနှင့်ပတ်သက်သည့် ထုတ်ကုန် အမျိုးအစားနှင့် အမျိုးအစားခွဲ၊ ထုတ်ကုန်၏ အညွှန်းနှင့် စက်မှုဒီဇိုင်းအမှတ်စဉ်။

## အခန်း(၁၈)

## စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်းကြေညာခြင်း နှင့် ပယ်ဖျက်ခြင်း

၆၆။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းတစ်ခုလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်လွှာ ပုံစံ ID – 15 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားရာတွင် လက်ခံစစ်ဆေးခြင်းအတွက် အခကြေးငွေ ပေးသွင်းရမည်။

၆၇။ ဥပဒေပုဒ်မ ၅၉ အရ လျှောက်ထားရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားသည့် စက်မှုဒီဇိုင်းမှတ်ပုံတင် နံပါတ်၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်းတည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(ဃ) တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားသူသည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

မှတ်ချက်။ လျှောက်လွှာပုံစံ ID – 2 ပူးတွဲတင်ပြရမည်။

(င) တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားရာတွင် အခြေခံလိုသည့် ဥပဒေပါ အကြောင်းပြချက်၊

(စ) တရားမဝင်ကြောင်းကြေညာပေးရန် လျှောက်ထားရသည့် အကျိုးအကြောင်းဖော်ပြချက်၊

မှတ်ချက်။ ယင်းနှင့်သက်ဆိုင်သည့် ခိုင်လုံသော သက်သေခံ အထောက်အထားများကို ပူးတွဲ တင်ပြရမည်။

(ဆ) တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားလိုသည့် စက်မှုဒီဇိုင်းဖော်ပြချက်၊

(ဇ) တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားသည့် ဒီဇိုင်း ပါဝင်သည့် ထုတ်ကုန် အမျိုးအစား၊ အမျိုးအစားခွဲ နှင့် ထုတ်ကုန်၏ အညွှန်း၊

(ဈ) စက်မှုဒီဇိုင်းအား တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားခြင်းအတွက် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား။

၆၈။ စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားရာတွင် သက်ဆိုင်သည့် စာရွက်စာတမ်းများ၏ မိတ္တူနှစ်စုံ ပူးတွဲတင်ပြရမည်။

၆၉။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ -

(က) နည်းဥပဒေ ၆၇ ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေ ၆၇ ပါ အချက်အလက်များ ပြည့်စုံပါက တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားသူ၏ လျှောက်ထားချက်နှင့်အတူ ပူးတွဲ တင်ပြထားသော စာရွက်စာတမ်းများအား စက်မှုဒီဇိုင်းပိုင်ရှင်ထံ ပေးပို့အကြောင်းကြားရမည်ဖြစ်ပြီး စက်မှုဒီဇိုင်းပိုင်ရှင်က အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တရားမဝင်ကြောင်း ကြေညာပေးရန် တောင်းဆိုချက်အပေါ် ခုခံချေပချက်များကို မိတ္တူနှစ်စုံနှင့်အတူ တင်ပြရမည်။

(ဃ) စက်မှုဒီဇိုင်းပိုင်ရှင်၏ ခုခံချေပချက်ကို လက်ခံရရှိပါက ခုခံချေပချက် မိတ္တူတစ်စုံကို တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားသူထံ ပေးပို့ပြီး စက်မှုဒီဇိုင်းပိုင်ရှင်၏ ခုခံချေပချက်နှင့် စပ်လျဉ်း၍ ထပ်မံတင်ပြရန်ရှိလျှင် ပြန်လည်ချေပချက် နှင့် ခိုင်လုံသော သက်သေခံ အထောက်အထားများကို မိတ္တူနှစ်စုံနှင့်အတူ အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပေးပို့ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(င) ရှင်းလင်းချက်များ ထပ်မံ လိုအပ်သည်ဟု ယူဆလျှင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံ နောက်ထပ် အကြောင်းပြချက်များ သို့မဟုတ် သက်သေခံ အထောက်အထားများအား အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြနိုင်ကြောင်း အကြောင်းကြားနိုင်သည်။

(စ) လိုအပ်ပါက နှစ်ဦးနှစ်ဖက်ကို ကြားနာရန် ဆင့်ခေါ်နိုင်သည်။

(ဆ) တင်ပြထားသည့် အကြောင်းပြချက်၊ သက်သေခံအထောက်အထားများနှင့် စာရွက်စာတမ်းများအပေါ် အခြေခံ၍ စက်မှုဒီဇိုင်းမှတ်ပုံတင်ကို တရားမဝင်ကြောင်းကြေညာရန် သို့မဟုတ် ဆက်လက်တရားဝင်ကြောင်းကြေညာရန် ဆုံးဖြတ်ရမည်။

(ဇ) စက်မှုဒီဇိုင်းမှတ်ပုံတင်ကို ဆက်လက်တရားဝင်ကြောင်းဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး စက်မှုဒီဇိုင်းပိုင်ရှင် နှင့် တရားမဝင်ကြောင်းကြေညာပေးရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဈ) စက်မှုဒီဇိုင်းမှတ်ပုံတင်ကို တရားမဝင်ကြောင်းဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

(ည) တရားမဝင်ကြောင်းကြေညာထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်စာရင်းတွင် ပယ်ဖျက်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့ပယ်ဖျက်ပြီးကြောင်းကို စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၇၀။ နည်းဥပဒေ ၆၉ နည်းဥပဒေခွဲ (ည) အရ ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်နံပါတ်၊

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဃ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရသည့် အကြောင်းရင်း၊

(င) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ပယ်ဖျက်မည့် ဒီဇိုင်းပါဝင်သည့် ထုတ်ကုန်အမျိုးအစား၊ အမျိုးအစားခွဲ နှင့် ထုတ်ကုန်၏ အညွှန်း၊

(စ) မှတ်ပုံတင်ခြင်းကို ပယ်ဖျက်သည့် ရက်စွဲ။

## အခန်း(၁၉)

## ကိုယ်စားလှယ် ခန့်အပ်ခြင်း နှင့် လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ခြင်း

၇၁။ (က) လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူ တစ်ဦးဦးသည် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်အပါအဝင် မည်သည့် လျှောက်ထားချက်တွင်မဆို ကိုယ်စားလှယ်ခန့်အပ်၍ ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အတွင်း နေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ် ပြည့်ပြီး ဝန်ကြီးဌာနက သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူကို လျှောက်လွှာပုံစံ ID – 2 ဖြင့် ခန့်အပ်ရမည်။ ကိုယ်စားလှယ်ခန့်အပ်ရာတွင် အောက်ပါတို့ ပါဝင်ရမည်–

(၁) လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူ တစ်ဦးဦး၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၂) ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(၃) ကိုယ်စားလှယ် ခန့်အပ်ဆောင်ရွက်မည့် လျှောက်ထားချက်နံပါတ် သို့မဟုတ် စက်မှုဒီဇိုင်း မှတ်ပုံတင်နံပါတ်၊

(၄) ကိုယ်စားလှယ် ခန့်အပ်သည့်ရက်စွဲ၊

(၅) ကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်၊

(၆) ကိုယ်စားလှယ် ခန့်အပ်လွှာတွင် လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေး ရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လက်မှတ်။

(ခ) လျှောက်ထားသူ၊ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူ၊ တစ်ဦးဦးသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူ မဟုတ်လျှင် သို့မဟုတ် ပြည်ပ နိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့် နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာ နိုင်ငံ၌ နိုတာရီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ ID – 2 မိတ္တူမှန်ကိုလည်း ပူးတွဲတင်ပြရမည်။

၇၂။ ကိုယ်စားလှယ်၏ အမြဲတမ်းနေထိုင်သည့် နေရပ်လိပ်စာ သို့မဟုတ် လုပ်ငန်းဆောင်ရွက်သည့် လိပ်စာသည် နိုင်ငံတော်အတွင်း တည်ရှိရမည်။

၇၃။ (က) ကိုယ်စားလှယ်ဖြင့် ခန့်အပ်ဆောင်ရွက်ခြင်းဖြစ်လျှင် မှတ်ပုံတင်အရာရှိသည် ဆောင်ရွက်မည့်ကိစ္စများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်ထံသို့သာ ဆက်သွယ် ဆောင်ရွက်ရမည်။

(ခ) ခန့်အပ်ခံရသည့် ကိုယ်စားလှယ်က မှတ်ပုံတင်အရာရှိထံ ဆက်သွယ်ဆောင်ရွက်သည့် မည်သည့် ဆောင်ရွက်ချက်ကိုမဆို ကိုယ်စားလှယ် ခန့်အပ်ထားသူက ဆောင်ရွက်သကဲ့သို့ မှတ်ယူရမည်။

၇၄။ ကိုယ်စားလှယ်ခန့်အပ်လွှာတွင် ကိုယ်စားလှယ် တစ်ဦးထက်ပို၍ ခန့်အပ်နိုင်သော်လည်း စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားချက် သို့မဟုတ် အခြားသော လျှောက်ထားချက်များတွင် ကိုယ်စားလှယ်တစ်ဦး၏ အမည်ကိုသာ ရေးသားဖော်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ၎င်းကိုသာ ကိုယ်စားလှယ်အဖြစ် ဆက်သွယ်ဆောင်ရွက်ရမည်။

၇၅။ လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူ တစ်ဦးဦးသည် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်အပါအဝင် မည်သည့်လျှောက်ထားချက်တွင်မဆို ကိုယ်စားလှယ်ခန့်အပ်၍ ဆောင်ရွက်လျှင် လျှောက်လွှာပုံစံ ID-2 မိတ္တူကို ပူးတွဲတင်ပြရမည်။

၇၆။ မှတ်ပုံတင်အရာရှိသည် ကိုယ်စားလှယ် ခန့်အပ်ထားခြင်းနှင့် စပ်လျဉ်း၍ လိုအပ်လျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်လွှာပုံစံ ID – 2 မူရင်းကို တင်ပြရန် ကိုယ်စားလှယ်ကို အကြောင်းကြားနိုင်သည်။

၇၇။ ကိုယ်စားလှယ် ခန့်အပ်ထားခြင်း မရှိလျှင်ဖြစ်စေ၊ ကိုယ်စားလှယ် ခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိလျှင်ဖြစ်စေ မှတ်ပုံတင်အရာရှိသည် မည်သည့် ဆက်သွယ်ဆောင်ရွက်ချက်ကိုမဆို လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူ တစ်ဦးဦးကိုသာ ဆက်သွယ်ဆောင်ရွက်ရမည်။

၇၈။ (က) မှတ်တမ်းတင်ထားသော ကိုယ်စားလှယ်၏ အမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုချက်အား လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူ တစ်ဦးဦးတို့က လက်မှတ်ရေးထိုးပြီး မည်သည့်အချိန်တွင်မဆို လျှောက်လွှာပုံစံ ID – 17 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) လျှောက်ထားချက်တွင် အောက်ပါတို့ ပါဝင်ရမည်-

(၁) လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူ တစ်ဦးဦး၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(၂) ပယ်ဖျက်မည့် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၃) ကိုယ်စားလှယ် ခန့်အပ်ခြင်းကို ပယ်ဖျက်မည့် လျှောက်ထားချက် နံပါတ် သို့မဟုတ် စက်မှုဒီဇိုင်းမှတ်ပုံတင်နံပါတ်၊

(၄) ကိုယ်စားလှယ်၏ အမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုသည့် ရက်စွဲ။

(ဂ) နည်းဥပဒေခွဲ (ခ) နည်းဥပဒေခွဲငယ် (၄) အရ ကိုယ်စားလှယ်၏ အမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုသည့် ရက်စွဲသည် မှတ်တမ်းတင်ထားသည့် ကိုယ်စားလှယ် ခန့်အပ်ခြင်းအား ပယ်ဖျက်ခြင်းကို အကျိုးသက်ရောက်သည့်နေ့ ဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) ကိုယ်စားလှယ် ပြောင်းလဲခန့်အပ်ရာတွင်ဖြစ်စေ၊ ပိုင်ရှင်ပြောင်းလဲခြင်းကို မှတ်တမ်းတင်ရာတွင် လျှောက်ထားသူအသစ် သို့မဟုတ် စက်မှုဒီဇိုင်းပိုင်ရှင် အသစ်က ကိုယ်စားလှယ် မခန့်အပ်သော ကိစ္စရပ်တွင်ဖြစ်စေ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာ စက်မှုဒီဇိုင်းမူပိုင်ခွင့်ကိစ္စရပ်များအတွက် မှတ်တမ်းတင်ထားသည့် ကိုယ်စားလှယ်၏ အချက်အလက်များကို ပယ်ဖျက်ရမည်။

(င) နည်းဥပဒေခွဲ (ဃ) တွင် ဖော်ပြထားသော ကိစ္စရပ်များကို တောင်းဆိုသည့် လျှောက်ထားချက်ကို မှတ်ပုံတင်အရာရှိမှ လက်ခံရရှိသောနေ့ရက်သည် မှတ်တမ်းတင်ထားသည့် ကိုယ်စားလှယ်ခန့်အပ်ခြင်းအား ပယ်ဖျက်ခြင်းကို အကျိုးသက်ရောက်သည့်နေ့ဖြစ်သည်ဟု မှတ်ယူရမည်။

(စ) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦးထံ ပယ်ဖျက်ကြောင်း နှင့် ၎င်းပယ်ဖျက်ခြင်းအတွက် အကျိုးသက်ရောက်သည့်နေ့ကိုလည်း အကြောင်းကြားရမည်။

၇၉။ လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူ တစ်ဦးဦးသည် ကိုယ်စားလှယ်ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ မည်သည့် ကိုယ်စားလှယ် ပြောင်းလဲခန့်အပ်ခြင်းကိုမဆို လက်ခံစစ်ဆေးခြင်းအတွက် အခကြေးငွေ ပေးသွင်းပြီး လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ လျှောက်လွှာပုံစံ ID – 16 ဖြင့် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

## အခန်း (၂၀)

## အထွေထွေ

၈၀။ ဥပဒေ နှင့် ဤနည်းဥပဒေများအရ လျှောက်ထားရာတွင် ဝန်ကြီးဌာနက သတ်မှတ်ထားသော လျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်။

၈၁။ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပေးသွင်းရမည့် အခကြေးငွေများကို အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်ထားသည့်အတိုင်း ပေးသွင်းရမည်။

၈၂။ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်သည် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းအမျိုးအစား ခွဲခြားခြင်း (Locarno Classification) အရ အမျိုးအစားတစ်ခုတည်းတွင် ပါဝင်ရမည်။ လျှောက်ထားချက်တွင် စက်မှုဒီဇိုင်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ လျှောက်ထားနိုင်ပြီး စက်မှုဒီဇိုင်း တစ်ခုထက်ပို၍ ပါဝင်နေလျှင် ဒီဇိုင်းအရေအတွက်ပေါ် မူတည်၍ သတ်မှတ်ထားသည့် အခကြေးငွေများကို ပေးသွင်းရမည်။

၈၃။ လျှောက်ထားသူသည် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားရာတွင် ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုကြောင်း တောင်းဆိုပါက အဆိုပါတောင်းဆိုခြင်းအတွက် သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းရမည်။

၈၄။ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီနည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီထံ အယူခံလျှောက်ထားနိုင်သည်။

၈၅။ ဤနည်းဥပဒေများအရ စက်မှုဒီဇိုင်းဖော်ပြချက်အား အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရာတွင် စက်မှုဒီဇိုင်းတစ်ခုလုံးအား မြင်နိုင်သော မြင်ကွင်းကိုဖော်ပြထားသည့် စက်မှုဒီဇိုင်း ပုံတစ်ပုံကိုသာ ထုတ်ပြန်ကြေညာပေးမည်ဖြစ်သည်။

၈၆။ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ထုတ်ပြန်ကြေညာရာတွင် ဦးစီးဌာန၏ တရားဝင်အင်တာနက် စာမျက်နှာ (Website) မှ တစ်ဆင့် အီလက်ထရောနစ်နည်းဖြင့် ဖြစ်စေ၊ ဦးစီးဌာနက ထုတ်ပြန်ကြေညာချက်စာအုပ် (Publication Book) ဖြင့် ဖြစ်စေ ထုတ်ပြန်ကြေညာရမည်။

၈၇။ ဥပဒေ သို့မဟုတ် ဤနည်းဥပဒေများနှင့်အညီ မှတ်ပုံတင်အရာရှိထံ တင်ပြလာသော လျှောက်ထားချက်နှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများ နှင့် အခြားဆက်သွယ် ဆောင်ရွက်သော စာရွက်စာတမ်းများသည် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ မဟုတ်သော စာရွက်စာတမ်းများဖြစ်ပါက မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုပေးရမည်။ ထိုဘာသာပြန်ဆိုချက်သည် တိကျမှန်ကန်ကြောင်း ခံဝန်ချက်ကို လျှောက်ထားသူ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးပေးရမည်။

၈၈။ အချိန်ကာလကို တွက်ချက်ရာတွင် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) မည်သည့် အချိန်ကာလကိုမဆို နှစ်အလိုက် ကာလသက်တမ်း ကုန်ဆုံးခြင်းကို တွက်ချက်ရာတွင် အချိန်ကာလ စတင်ပေးသည့်နေ့ရက်မှ ရေတွက်ရမည်။ စတင်တွက်ချက်သည့်နေ့ရက်မှာ ဖေဖော်ဝါရီလ ၂၉ ရက်ဖြစ်ပါက ကာလသက်တမ်း ပြည့်မည့်နှစ်၏ ဖေဖော်ဝါရီလ ၂၈ ရက်တွင် ကာလသက်တမ်း ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

(ခ) မည်သည့် အချိန်ကာလကိုမဆို လအလိုက် ကာလသက်တမ်း ကုန်ဆုံးခြင်းကို တွက်ချက်ရာတွင် အချိန်ကာလ စတင်ပေးသည့်နေ့ရက်မှ ရေတွက်ရမည်။ တစ်လနှင့် တစ်လ ရက်ပေါင်းကွာခြားမှုရှိသဖြင့် တွက်ချက်ရာတွင် လအသီးသီး၏ နောက်ဆုံးရက်ကိုသာ သက်တမ်းကုန်ဆုံးသည်ဟု မှတ်ယူရမည်။

(ဂ) မည်သည့် အချိန်ကာလကိုမဆို သက်တမ်းကုန်ဆုံးခြင်းကို တွက်ချက်ရာတွင် အချိန်ကာလ စတင်ပေးသည့်နေ့ရက်မှ စ၍ ရေတွက်ရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့တွင် မည်သို့ပင်ဆိုစေကာမူ သတ်မှတ်သည့် အချိန် ကာလတစ်ခုသည် အများပြည်သူရုံးပိတ်ရက်တွင် ကုန်ဆုံးပါက ရုံးပြန်လည်ဖွင့်လှစ်သည့် ပထမဆုံးရက်တွင် သတ်မှတ်သည့် အချိန်ကာလ ကုန်ဆုံးမည်ဖြစ်သည်။

၈၉။ (က) ဥပဒေ နှင့် ဤနည်းဥပဒေများပါ သတ်မှတ်ထားသည့် အချိန်ကာလ ထပ်မံတိုးမြှင့်ပေးရန် လျှောက်ထားသူသည် သတ်မှတ်ထားသည့် အချိန်ကာလမကုန်ဆုံးမီ ခိုင်လုံသော အကြောင်းပြချက်ဖြင့် အခကြေးငွေ ပေးသွင်းပြီး လျှောက်လွှာပုံစံ ID – 18 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ (က) အရ တောင်းဆိုလျှောက်ထားချက်ကို စိစစ်ပြီး အကြောင်းပြချက် ခိုင်လုံပါက အချိန်ကာလ ထပ်မံတိုးမြှင့်ပေး၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထပ်မံတိုးမြှင့်ပေးသော အချိန်ကာလသည် တစ်ကြိမ်လျှင် ရက်ပေါင်း ၃၀ ဖြင့် အများဆုံး နှစ်ကြိမ်အထိသာ ခွင့်ပြုနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ မှတ်ပုံတင်အရာရှိက အချိန်ကာလ တိုးမြှင့်ခွင့်ပြုပြီးလျှင် ဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များကဲ့သို့သော ကြိုတင် မမျှော်မှန်းနိုင်သည့် အထူးကိစ္စရပ်များအတွက် ရက်ပေါင်း ၃၀ ဖြင့် တစ်ကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်းမှ တစ်ပါးနောက်ထပ်အချိန်ကာလ တိုးမြှင့်ပေးခြင်းမပြုရ။

၉၀။ မှတ်ပုံတင်အရာရှိသည် –

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသော လျှောက်လွှာပုံစံများကို အများပြည်သူသိရှိ အသုံးပြုဆောင်ရွက်နိုင်ရန် ကြေညာရမည်။

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် အေဂျင်စီက ဗဟိုကော်မတီမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်ထားသော ပေးသွင်းရမည့် အခကြေးငွေများ နှင့် ဦးစီးဌာနက သတ်မှတ်ထားသည့် ပေးသွင်းရမည့် နည်းလမ်းများကို အများပြည်သူသိရှိ အသုံးပြုဆောင်ရွက်နိုင်ရန် ကြေညာရမည်။

၉၁။ ပေးသွင်းထားသည့် အခကြေးငွေများကို မည်သည့် အခြေအနေတွင်မျှ ပြန်လည်ရထိုက်ခွင့် မရှိစေရ။

၉၂။ ဤနည်းဥပဒေများသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(ပုံ) ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၄ / ၂ - ၃၇ / ၂၀၂၃ ( ၃၉ )
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ် ⎤ မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ⎦ ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

ဒေါက်တာမိုးမိုးသွယ်

ညွှန်ကြားရေးမှူးချုပ်

DUS: